# သမဝါယမဌာနခွဲ

# ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံတော် လယ်ယာလုပ်ကိုင်သူတို့ ကြွေးမြီသက်သာရေးနည်းဥပဒေများ

**အမိန့်ကြော်ငြာစာ။အမှတ် ၂၄၄**

**ရန်ကုန်မြို့၊ ၁၃၁၀ ခု၊ သီတင်းကျွတ်လဆန်း ၈ ရက်။**

**(၁၉၄၈ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်။)**

အမှတ် ၂၄၄။ ။ ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံတော် လယ်ယာလုပ်ကိုင်သူတို့ ကြွေးမြီသက်သာရေး အက်ဥပဒေပုဒ်မ ၃၁ အရ အပ်နှင်းသည့်အာဏာများကို ဆောင်ရွက်လျက် နိုင်ငံတော်သမတက အောက် ပါနည်းဥပဒေများကို ပြဋ္ဌာန်းသည်။

၁။ ။ ဤနည်းဥပဒေများကို ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံတော် လယ်ယာလုပ်ကိုင်သူတို့ ကြွေးမြီသက်သာရေးနည်းဥပဒေများဟူ၍ ခေါ်တွင်အပ်သည်။

၂။ ။ ဤနည်းဥပဒေများတွင်-

(က) **"အက်ဥပဒေ"** ဆိုသည်မှာ၊ ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံတော် လယ်ယာလုပ်ကိုင်သူတို့ ကြွေးမြီသက်သာရေးအက်ဥပဒေကိုဆိုလိုသည်။ ၎င်းပြင်

(ခ) **"အဖွဲ့"** ဆိုသည်မှာ၊ ၎င်းအက်ဥပဒေအရ ဖွဲ့စည်းသည့် ကြွေးမြီဆုံးဖြတ်ရေးအဖွဲ့ ကိုဆိုလိုသည်။

## အဖွဲ့ဖွဲ့စည်းပုံအကြောင်း။

၃။ ။ အက်ဥပဒေပုဒ်မ ၃၊ ပုဒ်မငယ် (၁) အရ ဖွဲ့စည်းသည့် ကြွေးမြီဆုံးဖြတ်ရေးအဖွဲ့တွင်၊ ဥက္ကဋ္ဌမှအပ အခြားသောအဖွဲ့ဝင်လူကြီးများသည်၊ သာမန်အားဖြင့်အစိုးရအရာရှိမဟုတ်သူများ ဖြစ်စေရမည့်ပြင်၊ ၎င်း တို့အနက် လူများစုသည် လယ်ယာလုပ်ကိုင်သူတို့၏ ကိုယ်စားလှယ်များဖြစ်စေရ မည်။

၄။ ။ ဥက္ကဋ္ဌပါ အပါအဝင်ပြု၍ အဖွဲ့ဝင်လူကြီးဦးရေ ၅ ဦး၊ သို့မဟုတ် ၃ ဦးရှိသည့်အလျောက်၊ ကြွေးမြီဆုံး ဖြတ်ရေးအဖွဲ့၏ အစည်းအဝေးထမြောက်အောင် လာရောက်ရမည့်လူကြီးဦးရေမှာ ၃ ဦး၊ သို့မဟုတ် ၂ ဦး ဖြစ်စေရမည်။

၅။ ။ ကြွေးမြီဆုံးဖြတ်ရေးအဖွဲ့သည်၊ ၎င်း၏လုပ်ငန်းအတွက် လိုအပ်လျှင် အောက်တန်းလစာနှုန်းရစာ ရေးတယောက်နှင့် မင်းစေတယောက်ကို ခန့်ထားနိုင်သည်။

## ဆောင်ရွက်ရန်နည်းလမ်းအကြောင်း။

၆။ ။ အဖွဲ့သည် သာမန်အားဖြင့် ခရိုင်ရုံးစိုက်ရာဌာနတွင်သော်၎င်း၊ နယ်ပိုင်နယ်ရုံးစိုက်ရာဌာနတွင် သော် ၎င်းရုံးထိုင်ရမည်။

၇။ ။ မြီစားတဦးတယောက်ပေးဆပ်ရန်ရှိသော ကြွေးမြီကို၊ အဖွဲ့ကအက်ဥပဒေပုဒ်မ ၉၊ ပုဒ်မငယ် (၁) အရ လျှော့ပစ်ရန်ဆုံးဖြတ်သည့်အခါ၊ လျှောက်လွှာကြားနာရန် ချိန်းဆိုရမည့်နေ့ရက်သည်၊ အက်ဥပဒေ ပုဒ်မ ၉၊ ပုဒ်မငယ် (၂) အရ မြီရှင်က တင်သွင်းရမည့်ကြွေးမြီစာရင်းကို အဖွဲ့ကကြည့်ရှုစစ်ဆေးပြီးမည့် နေ့ရက်ဖြစ်ရမည်။ မြီရှင်ကိုလည်း အဖွဲ့ရှေ့ထိုနေ့တွင် လာရောက်ရန်ဆင့် ခေါ်ရမည်။

Myanmar Law Information System (MLIS)

၈။ ။ အက်ဥပဒေ ပုဒ်မ ၉၊ ပုဒ်မငယ် (၁) အရ၊ မြီရှင်အားဆင့်ခေါ်သည့်နို့တစ်စာသည်၊ ပူးတွဲပါ ပုံစံ-က အတိုင်း ဖြစ်စေရမည့်ပြင်၊ မြီစားနှင့်မြီရှင်အား အဖွဲ့ရှေ့လာရောက်ရန် ဆင့်ခေါ်သည့်နို့တစ်စာသည်၊ ပူးတွဲပါပုံစံ-ခ အတိုင်းဖြစ်စေရမည်။

၉။ ။ မည်သည့်အဖွဲ့ကမျှ အောက်ပါကြွေးမြီမျိုးကို အရေးယူ စဉ်စားခြင်းမပြုရ။

(၁) ၁၉၄၅ ခုနှစ်၊ ငွေတိုးချစားသူတို့ အက်ဥပဒေအရ မှတ်ပုံမတင်ရသေးသည့် ငွေတိုးချစားသူနှင့် မိမိ၏ မှတ်ပုံတင်ခြင်း အတည်မဖြစ်သေးသည့် ငွေတိုးချစားသူအား ပေးရန်ရှိသည့် ကြွေးမြီတစုံတရာ၊ ၎င်းပြင်

(၂) ၁၉၄၇ ခုနှစ်၊ လယ်ယာစိုက်ပျိုးမှုဆိုင်ရာ ကြွေးမြီများ ဆိုင်းထားရေးအက်ဥပဒေအရ မှတ်ပုံမတင်ရ သေးသည့် ကြွေးမြီတစုံတရာ။

၁၀။ ။ အက်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မငယ် (၁) အရထုတ်ဆင့်သည့်သမ္မာန် စာတစုံတရာသည်၊ ပူးတွဲပါ ပုံစံ-ဂ အတိုင်းဖြစ်စေရမည်။

၁၁။ ။ နို့တစ်စာနှင့် သမ္မာန်စာ အရပ်ရပ်ကို စီရင်စုနယ် တရားရုံးတော်၊ သို့မဟုတ် နယ်ပိုင်နယ်တရားရုံး တော်မှတဆင့် ထုတ်ဆင့်ရမည်။

၁၂။ ။ အဖွဲ့မှာ နောက်ထပ်အရေးပါအရာရောက်သော သတင်းကို ရနိုင်ဘွယ်မရှိဟူ၍၎င်း၊ ရရှိရန် မလိုဟူ၍၎င်း ထင်မြင်လျှင်၊ မည်သည့်သက်သေကိုမျှ စစ်ဆေးခြင်းမပြုဘဲနေနိုင်ခွင့်ရှိသည်။

## မှတ်တမ်းများအကြောင်း။

၁၃။ ။ အဖွဲ့မှာ အက်ဥပဒေပုဒ်မ ၄ အရ မိမိလက်ခံရရှိသော လျှောက်လွှာအသီးသီးအတွက် သီးခြားအမှု တွဲဖွင့်ရမည်။ အဖွဲ့မှာ၊ မိမိစစ်ဆေးသည့် လျှောက်ထားသူအမှုသည်၊ သို့မဟုတ်သက်သေ၊ သို့မဟုတ်သက် သေများ၏ထွက်ဆိုချက်၊ သို့မဟုတ်သက်သေခံချက်မှတ်တမ်းကို ရေးမှတ်ထားရမည်။ အဖွဲ့ကထုတ်ဆင့် သောနို့တစ်စာမိတ္တူများမှစ၍ မြီရှင်တို့ တင်သွင်းသည့် ကြွေးမြီစာရင်းနှင့်တကွ အက်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မငယ် (၁) အရ၊ လိုအပ်သည့် အဆိုပါကြွေးမြီများနှင့်သက်ဆိုင်သော အခြားစာမှတ်စာတမ်း အရပ်ရပ်ကို၊ အမှုတွဲအသီးသီးတွင် ဖိုင်တွဲထားရမည်။ လျှောက်လွှာအသီးသီးပေါ်၌ အက်ဥပဒေပုဒ်မ ၁၅ အရ အဖွဲ့က ချမှတ်သည့်အမိန့်တွင် ယင်းသို့အမိန့်ချမှတ်ရခြင်း၏ အကြောင်းပြချက်များကို အကျဉ်းအားဖြင့် ဖေါ်ပြရ မည်။

၁၄။ ။ အက်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မငယ် (၃) တွင်သတ်မှတ်သည့်၊ မြီရှင်များမှစ၍ မြီစား၏အပိုင်ပစ္စည်း များနှင့် ကြွေးမြီတာဝန်များ စာရင်းသည်၊ ပူးတွဲပါ ပုံစံ-ဃ အတိုင်းဖြစ်စေရမည်။

## အစီရင်ခံစာများနှင့်အစီရင်ခံစာရင်းများအကြောင်း။

၁၅။ ။ အဖွဲ့ကအစိုးရသို့ သုံးလတကြိမ်အစီရင်ခံစာရင်းများကို ပူးတွဲပါ ပုံစံ-င ဖြင့်တင်သွင်းရမည်။

## အဖွဲ့ကတောင်းဆိုရမည့်စရိတ်များအကြောင်း။

၁၆။ ။ မြီစားတဦးတယောက်က အက်ဥပဒေပုဒ်မ ၄ အရ၊ အဖွဲ့သို့တင်သွင်းသည့် လျှောက်လွှာအသီးသီး တွင်၊ ၁၂ ပဲတန်ရုံးခွန်တော်တံဆိပ်ခေါင်း ပါရှိစေရမည်။ အဖွဲ့ရှေ့ရောက်ရှိသော အမှုအခင်းနှင့်ပတ်သက် သည့်နို့တစ်စာ၊ သို့မဟုတ် ဆောင်ရွက်သည့်ကိစ္စများအတွက် အဖွဲ့က မြီစားထံမှ၎င်း၊ မြီရှင်ထံမှ၎င်း၊ အခြားစရိတ်များ တောင်းဆိုခြင်းမပြုရ။

**အခကြေးငွေများနှင့်ကုန်ကျစရိတ်များအကြောင်း။**

၁၇။ ။ အဖွဲ့ဥက္ကဋ္ဌသည်၎င်း၊ အစိုးရအရာရှိမဟုတ်သည့် အဖွဲ့ဝင်လူကြီးတဦးတယောက်သည်၎င်း၊ အမှုကို ထိရောက်စွာကြားနာစစ်ဆေးရသည့် ရက်တရက်လျှင် အခငွေ ကျပ် ၁ဝ ကျထုတ်ယူရမည်။

၁၈။ ။ မြီစားနှင့်မြီရှင်ကလွဲ၍ သက်သေအဖြစ်နှင့်သော်၎င်း၊ စုံစမ်းစစ်ဆေးရန် ကိစ္စအလို့ငှါ စာမှတ်စာ တမ်း တစုံတရာကို တင်ပြရန်သော်၎င်း၊ အဖွဲ့ရှေ့လာရောက်ရမည်ဟု ဆင့်ခေါ်ခြင်း ခံရသူများအား၊ ထိုသို့လာရောက်ရသည့်အတွက်၊ ၎င်းတို့ကုန်ကျသည့်ခရီးစရိတ်နှင့် အခြားစရိတ်များကို ကျခံရန်၊ တရား ရုံးလက်စွဲဥပဒေအရ ခွင့်ပြုသည့် ကြေးငွေကိုထုတ်ပေးရမည်။

၁၉။ ။ အဖွဲ့၏ဘီငွေစာရင်းအရပ်ရပ်ကို၊ ဆိုင်ရာအရေးပိုင်က ထပ်ဆင့်လက်မှတ်ရေးထိုးရမည်။ အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်လူကြီးများအတွက် အခကြေးငွေများကို၊ ရိုးရိုးငွေလက်ခံရရှိကြောင်း လက်မှတ်ဖြင့် တောင်းဆိုရမည်။

အမိန့်အရ။

ဘညိမ်း၊

ဒုတိယအတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊

စိုက်ပျိုးရေးနှင့်သစ်တောဌာန။

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပုံစံ-က။(နည်းဥပဒေ ၈။)နို့တစ်စာ။

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပုံစံ-ခ။(နည်းဥပဒေ ၈။)ကြွေးမြီဆုံးဖြတ်ရေးအဖွဲ့။

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ပုံစံ-ဂ။(နည်းဥပဒေ ၁ဝ။)သက်သေသို့ချအပ်သည့်သမ္မာန်စာ။(အမှုအမည်။)

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ပုံစံ-ဃ။(နည်းဥပဒေ ၁၄။)မြီရှင်များ၊ မြီစား၏အပိုင်ပစ္စည်းများနှင့် ကြွေးမြီတာဝန်များစာရင်း။

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ပုံစံ င။(နည်းဥပဒေ ၁၅။)

Myanmar Law Information System (MLIS)